## ၁။ တည်နေရာ၊ရာသီဉတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မြေခြားမြောက်ကျေးရွာသည် ကျုံး၊ ရှာင်ကားလမ်းနှင့် (၁)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အဓိကလုပ်ကိုင်နေထိုင်ကြသည်။ အဓိက လုပ်ငန်းများမှာ တောင်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ (၈၀)မှ (၁၀၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူဖြစ်သည်။ တောင်ယာမြေများကို အဓိကအားဖြင့် အာလူး၊ မုန်လာ၊ စပါး တို့နှင့် အသက်မွေး ဝမ်းကျောင်းပြုရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

## ၂။ ရာသီဉတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဉတုကောင်းမွန်ပါသည်။ သို့သော် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဉတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် တောင်ယာ မြေများလုပ်ရာတွင် မြေဆီလွှာများ၏အရည်အသွေးမှာအသင့်အတင့်ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၄)ဖွဲ့ရှိသည်။ ထိုအဖွဲ့တို့မှာ မြစိမ်းရောင်၊ စိတ်တူကိုယ်တူ၊ အန်ဗီစီ၊ ကျေးလက်ဖွံ့ဖြိုးရေးတို့ ဖြစ်ကြသည်။ မြစိမ်းရောင်အဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး ချေးငွေလုပ်ငန်း ကိုလည်းပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရှိနိုင်သည်။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါးနှင့်အာလူးကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးများကိုသာ စိုက်ပျိုးကြပြီး စိုက်ပျိုးဧကမှာ(၂၇၀)ခန့်ရှိပြီး အာလူး(၃၀၀)ဧကခန့် စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ (၄၆.၆)တင်း၊ အာလူး(၆၀)ခန့်တို့ ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိကြပြီး ၊ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာ ကုန်ကြစရိတ် မြင့်မား ရသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ စပါးခင်းများ၊

